dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"How to start your SME Business?"*

ဖြစ်ပါတယ်။(ဖေဖော်ဝါရီ ၊၁၃ ၊၂၀၁၆ ရိုက်ကူးသည်။)

- မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၉၀၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းတွေစတင်ဖို့ ဘယ်လိုစိန်ခေါ်မှုတွေရှိနေလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံရတဲ့ စီးပွားရေးလုပ်ငန်းတွေအနေနဲ့TransationalCostတွေများပြားမှုရှိခဲ့ပါတယ်။ အဲဒီထဲမှာမှ ဖုန်းနဲ့ ကားတို့ကို ပစ္စည်းတွေ ဈေးကျဆင်းသွားခဲ့ပေမယ့် မြေဈေးတွေကတော့ အဆမတန်မြင့်မားခဲ့လို့ ပြည်ပကပြည်ရင်းနှီးမြှုပ်နှံသူ တစ်ချို့လည်း မြေဈေး ကြီးမြင့်မှုကြောင့် တန့်သွားတာတွေရှိတဲ့အထိ ဖြစ်ပေါ်ခဲ့တဲ့အထိ ရှိခဲ့ပါတယ်။ လက်ရှိမှာလည်း မြေဈေးကြီးမြင့်မှုက ပြည်တွင်းက အသေးစား၊ အလတ်စားလို့ဆိုနိုင်တဲ့ မြေ ငှားရမ်းပြီး လုပ်ကိုင်ရတဲ့ လုပ်ငန်းတစ်ချို့ အတွက် ဆက်လက်ရပ်တည်နိုင်ဖို့ ခက်လာတဲ့အထိ ဖြစ်နေပါတယ်။

မြန်မာအနေနဲ့ ဖွံ့ဖြိုးမှုအတွက် ခြေလှမ်းတစ်ခုလို့ဆိုရမယ့် အသေးစား အလတ်စားလုပ်ငန်း (SME) လုပ်ငန်းတွေ အားကောင်းလာဖို့ လိုတယ်လို့ သုံးသပ်ထားကြတာတွေ့ရပါတယ်။ မတ် ၂၀၁၅ ခုနှစ်အထိ စာရင်းအရ မြန်မာနိုင်ငံမှာ SME လုပ်ငန်းပေါင်း ၃၉၀၀၀ ကျော်ရှိပြီး မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီစုစုပေါင်းရဲ့ ၈၇ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ၂၀၁၄ ခုနှစ်ထက် ၁ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာတာဖြစ်တယ်လို့ သတင်းများအရ သိရပါတယ်။ အဲဒီသတင်းအရ ထုတ်လုပ်မှုကဏ္ဍမှာ SME တွေ အဓိက ပါဝင်နေပြီး အိမ်တွင်း လက်မှုလုပ်ငန်းအနေနဲ့ ၇၈ ရာခိုင်နှုန်း၊ ဝန်ဆောင်မှု လုပ်ငန်းကဏ္ဍ မှာ ၂၀ ဒသမ ၈ ရာခိုင်နှုန်းတို့ ရှိတယ်လို့သိရပါတယ်။ တခြား သတင်း တစ်ရပ်မှာလည်း လက်ရှိမှာ အသေးစားနှင့် အလတ်စား လုပ်ငန်းများဟာ တစ်နိုင်ငံလုံးက လုပ်ငန်းစုစု ပေါင်းရဲ့ ၉၄ ရာခိုင်နှုန်း ကျော်ရှိပြီး လုပ်ငန်းပေါင်း တစ်သိန်းနှစ်သောင်းကျော်ရှိ တယ်လို့ ဆိုပါတယ်။

လက်ရှိမှာတော့ မြန်မာနိုင်ငံရဲ့ အသေးစား၊ အလတ်စားလုပ်ငန်း ဖွံ့ဖြိုးမှုလွန်စွာနည်းပါးနေတာကြောင့်လည်း အာဆီယံ plus Three ထဲက ဂျပန်နိုင်ငံရဲ့ ကုမ္ပဏီများက မြန်မာနိုင်ငံရဲ့ အသေးစား၊ အလတ်စားလုပ်ငန်းနယ်ထဲကို ဝင်ရောက်လိုနေကြပြီး လုပ်ငန်းအများစုက လူသုံးကုန်ပစ္စည်းငယ်များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ စားသောက်ကုန် လုပ်ငန်းနဲ့ မီနီစတိုးဆိုင် လုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်လိုကြခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အသေးစားအလတ်စား လုပ်ငန်းရှင်တွေအနေနဲ့ လက်ရှိမှာ အရင်းအနှီးလုံလောက်အောင် စိုက်ထုတ်နိုင်မှု နည်းပါးခြင်း၊ အရင်းအနှီး စိုက်ထုတ်ချေးပေးမှု နည်းပါးခြင်းနဲ့ ချေးရတဲ့ နေရာမှာ ပိုင်ဆိုင်မှု ပေးထားရတာနဲ့ လိုသလောက်မရနိုင်တဲ့ အခက်အခဲ၊ နည်းပညာ မရှိမှု၊ နည်းပညာပံ့ပိုးပေးမှု အားနည်းခြင်း၊ ဈေးကွက်ရှာဖွေနိုင်မှု အားနည်းချက် စတာတွေ မဖြေရှင်းနိုင်ခင်မှာပဲ အာဆီယံစီးပွားရေးအသိုက်အဝန်း AEC လို ၊ AFTA လိုမျိုးတွေ အသက် ဝင်လာတာကြောင့် အိမ်ကွင်းမှာပဲအလဲထိုးမခံရရေးနဲ့ ဈေးကတည်း လုပ် ကိုင်လာခဲ့တဲ့ ရိုးရာ အထည်လိုမျိုးတွေအနေနဲ့ အသက်ဆက်ရှင်သန်နိုင်ရေး စတဲ့အရေးပေါင်းစုံနဲ့ ရုန်းကန်နေရပြီ ဖြစ်ပါတယ်။

အသေးစားနဲ့ အလတ်စား လုပ်ငန်းတွေအနေနဲ့ အပေါင်ပစ္စည်းမလိုဘဲ ငွေချေးမယ့် အစီအစဉ်ကို ပြည်တွင်းပုဂ္ဂလိက ဘဏ်တစ်ခုဖြစ်တဲ့ သမဝါယမ ဘဏ်လီမိတက်နှင့် ပူးပေါင်းပြီး ၂၀၁၆ နှစ်ဆန်းကစပြီး ငွေချေးပေးတော့မယ်လို့ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ပြောထားပါတယ်။ အဲဒီအစီအစဉ်ကို ၂၀၁၄ စက်တင်ဘာက မြန်မာ့အာမ ခံလုပ်ငန်းက စတင်ခဲ့ပေမယ့် ပုဂ္ဂလိကဘဏ်တွေကချေးငွေပေးဖို့ လက်တွန့်နေခဲ့ကြတယ်လို့ လည်း ဆိုပါတယ်။ လက်ရှိမှာ ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင် စီ(GIZ)နဲ့ ပြည်တွင်း ကမ္ဘောဇဘဏ်၊ ရိုးမဘဏ်နှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးမှုဘဏ် (SMIDB) တို့က ဘဏ်လုပ်ငန်းနဲ့ ဘဏ်ဝန်ထမ်း စွမ်းဆောင်ရေး မြှင့်တင်ရန် ပူးပေါင်း ဆောင်ရွက်နေပြီး ယင်းဘဏ် သုံးခုက အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေကို ချေးငွေထုတ်ပေးမှု အရင်ကထက် သုံးဆ မြင့်မားလာတဲ့အပြင် SME ဘဏ်ဝန်ဆောင်မှုအတွက် လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ပြဋ္ဌာန်းနိုင်ခြင်းနှင့် SME သင်တန်းပေါင်း အကြိမ် ၁၀၀ ကျင်းပနိုင်ခဲ့မှုဟာ ထင်ရှားတဲ့ အောင်မြင်မှုတွေဖြစ်တယ်လို့ GIZ ကဆို ပါတယ်။ ဒါကြောင့် GIZ အဖွဲ့ သူ့ရဲ့ပူးပေါင်းလုပ် ဆောင်မှုကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာအထိ တိုးခဲ့ပါတယ်။ အမှတ် (၁) စက်မှုဝန်ကြီးဌာနအောက်မှာရှိတဲ့ အသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးမှု ဘဏ်ကို ကျပ်သန်းနှစ်ထောင်နဲ့ ၁၉၉၆ မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ မှာ ကျပ်သန်းပေါင်းငါးသောင်းထိ တိုးမြှင့်နိုင်ခဲ့ကြောင်းနဲ့ အစုရှယ်ယာ တစ်စုကို ကျပ်ငါးသိန်းနဲ့ရှယ်ယာ၊ ပရီမီယံကြေး ကျပ်ငါးသောင်းဖြင့် အစုရှယ်ယာပေါင်း လေးထောင်မှ တစ်သိန်းသို့တိုးမြှင့် ထားကြောင်း သိရပါတယ်။

လက်ရှိမှာတော့ SMEs တွေ အပေါ် အစိုးရရဲ့ ပံ့ပိုးပေးနိုင်မှု အလွန်နည်းနေပြီး ယှဉ်ပြိုင်ရမယ့် နယ်ပယ်ကျယ်လာတာကြောင့် ပြည်တွင်းက SMEs တွေရဲ့ အနာဂတ်အပေါ် စိုးရိမ်ရကြောင်း နဲ့ SMEs တွေကနေတိုင်းပြည်ရဲ့ ဖွံ့ဖြိုးမှုကိုပါ ချိတ်ဆက်နိုင်ဖို့ ဘယ်လိုနည်းလမ်းတွေ လုပ်နိုင်မလဲ ဆိုတာတွေကို ဒီတစ်ပတ် ဒီဗွီဘီ ဒီဘိတ်မှာ ရှုထောင့်စုံကနေ ချဉ်းကပ်ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

**သူတို့အမြင်**

"တခြားနိုင်ငံတွေမှာဆိုရင် သူတို့က အပေါ်ယံ ဘူးခွံ၊ Packing ကို တော်တော် သေသေသပ်သပ် လုပ်ကြတယ်။ နောက်ပြီးတီထွင်မှုကလည်းအားကောင်းတယ်။ကျွန်မတို့ဆီမှာကထုတ်ကုန်ကွာလတီအရမ်းကောင်းတယ်။ သို့သော် Packing အတွက် နည်းပညာဟာ ပြည်တွင်းမှာ အားနည်းနေသေးတာကြောင့် ထုပ်ပိုးမှုအပိုင်းမှာ ကိုယ်နိုင်သလောက်ကို ပြည်ပကနေ လှမ်းမှာရတယ်။ အဲဒီ အခက်အခဲကလည်း အခုမှ ကိုယ်ပိုင်လမ်းကြောင်းထွင်ပြီးလုပ်ငန်းစလုပ်တဲ့လုပ်ငန်းသေးလေးတွေအတွက်အခက်အခဲတစ်ခုဖြစ်နေသေးတယ်"
**မနွယ်နီဝင်း** - မြန်မာ့ရိုးရာ စားသောက်ကုန်လုပ်ငန်း ဆောင်ရွက်သူ။

"ကိုယ်ပိုင်တဲ့ စက်ရုံက ကျပ် သိန်း ၅၀၀၀ လောက်တန်ရင် ကိုယ်ချေးငွေယူတော့ သိန်း ၁၅၀၀ လောက်ပဲ ရတာ၊ ကိုယ်က ငွေထပ် လိုချင်လည်း ထပ်လုပ်လို့က မရတော့ဘူး လိုအပ်တဲ့ ပမာဏ လောက်ကတော့ ရဖို့က အခက်အခဲ ရှိနေဦးမှာပဲ" **ဒေါ်ခင်သိန်းဝင်း** - မင်းထက်ကောင်း စားသောက်ကုန်ထုတ်လုပ်ရေး လုပ်ငန်းရှင်။

"ကျွန်တော်တို့နိုင်ငံမှာ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းတွေဟာ ဖွံ့ဖြိုးတိုးတက်ဖို့ အင်မတန် လိုအပ် နေသေးတာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေ ဖွံ့ဖြိုးလာမှ အောင်မြင်တဲ့ စက်မှု လက်မှုလုပ်ငန်းတွေ ဖြစ်လာမှာပါ။ ဒါကြောင့်မို့မှတ်ပုံတင်တာကို စည်း ရုံးရေးအသွင်နဲ့ပဲ ဆောင် ရွက်ပေးနေတာ ဖြစ်ပါတယ်။ အဲဒီတော့ ပြောရရင်ကျွန်တော်တို့ ဆီမှာအတင်းအကျပ် မှတ်ပုံတင် ရမယ်ဆိုတာမျိုး မရှိပါဘူး။ မှတ်ပုံမတင်လို့လည်း အရေးယူတာမျိုး မရှိပါဘူး"
**ဦးဆွေတင့်** - ညွှန်ကြားရေးမှူး ၊ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန။

"အတိုးက တစ်နှစ်ကို ၈ဒသမ၅ ဆိုတော့ အဆင်ပြေပါတယ်။ လိုချင်ပါတယ်။ ချေးငွေအတွက်ရဖို့ က ခက်ခဲပါတယ်။ ပိုင်ဆိုင်မှုတင်ရတာလည်း အမည်ပေါက်ဆိုတော့ လုပ်ရကိုင်ရတာခက်ခဲပါတယ်"
**ကိုပြည့်စုံ**- ရိုးရာဖိနပ်လုပ်ငန်း လုပ်ကိုင်သူ

*Information links:*

www.7daydaily.com

www.burma.irrawaddy.org

www.dvbdebate.net